


mgyoe.com

# TOEFL® iBT

## ဖြေဆိုနည်းလမ်းညွှန်

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mgyoe.com

mgyoe.com

ETS

# TOEFL iBT

# ဖြေဆိုနည်းလမ်းညွှန်

## မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

MMM0031

1,800.00 KS

mgyoe.com

TOEFL iBT ဖြေဆိုနည်းလမ်းညွှန်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
စာမျက်နှာ ၁၃၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# TOEFL iBT
# ဖြေဆိုနည်းလမ်းညွှန်

## မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ပထမအကြိမ် ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# TOEFL iBT

## IELTS ဖြေဆိုနည်းလမ်းညွှန်

နိုင်ငံခြားသို့ ပညာသင်သွားရောက်မည့်သူများ၊ တက္ကသိုလ် ကောလိပ်သွားရောက် တက်မည့်သူများအနေဖြင့် TOEFL, IELTS, GMAT, GRE, SAT စသော အရည်အချင်းစစ် Test များ ဖြေဆိုနေရပါသည်။ ယင်း Test များအနက် ယခင်ကTOEFL ကို Paper Base အနေဖြင့် ဖြေဆိုကြရပါသည်။ ယခုတော့ တိုးတက်လာသော ICT ခေတ်ကြီးတွင် TOEFL iBT Test ကို ကွန်ပျူတာဖြင့် မလွဲမသွေ ဖြေဆိုရတော့မည်ဖြစ်ရာ ယင်း Test ကို ဖြေဆိုမည့်သူများ လေ့လာပြင်ဆင်စရာတွေ အထောက်အကူပြုလိုသော စေတနာရည်ရွယ်ချက်ဖြင့် ပြုစုရေးသားခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ 1 ]

## What is TOEFL iBT?
## (TOEFL iBT ဆိုတာ ဘာလဲ)

TOEFL ၏ အရှည်ကောက်အမည်မှာ The Test of English as a Foreign Language ဖြစ်သည်။ ယင်းသည် အင်္ဂလိပ်စာကို လူတစ်ယောက်၏ နားလည်နိုင်စွမ်းနှင့် အသုံးပြုနိုင်စွမ်းကို တိုင်းတာရန် ပုံဖော်ထားသော စံသတ်မှတ်ထားသည့် စမ်းသပ်စစ်ဆေးမှု (Standardized Test) တစ်ခုဖြစ်သည်။ အမေရိကန်ပြည်ထောင်စုရှိကောလိပ်များ၊ တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းလိုင်စင်ရ အဖွဲ့အစည်းများတွင် ဝင်ခွင့်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် TOEFL အမှတ်များကို အသုံးပြုကြသည်။

TOEFL Test ကို Educational Testing Service (ETS) က စီမံဆောင်ရွက်ထုတ်လုပ်စစ်ဆေးခြင်းဖြစ်သည်။ ETS သည် New Jersey, Princeton တွင် အခြေစိုက်သော ပုဂ္ဂလိက အကျိုးအမြတ်မယူသော ကုမ္ပဏီဖြစ်သည်။ ယခင်က TOEFL Test သည် Vocabulary နှင့် Grammar ကို မည်မျှသိသလဲ စမ်းသပ်ခဲ့သည်။ ယခုတော့ New TOEFL iBT Test ပေါ်လာခဲ့ပြီဖြစ်သည်။

### TOEFL iBT ၏ ထူးခြားချက်များ

(1) TOEFL iBT သည် အင်္ဂလိပ်စာနှင့် ပတ်သက်၍ သင့်စွမ်းရည်ကို တိုင်းတာသည်။ သင့်နားလည်နိုင်စွမ်း အရည်အသွေးကိုလည်း တိုင်းတာ

mgyoe.com

သည်။ Test၏ စုစုပေါင်းအမှတ်တစ်ဝက်သည် Readingနှင့် Listening စွမ်းရည်များပေါ်တွင် အခြေခံသည်။ Englishပေါ်တွင်သင်မည်မျှ နားလည် လက်ခံနိုင်စွမ်းကို စစ်ဆေးသည်။ ကျန်အမှတ်တစ်ဝက်မှာ Speakingနှင့် Writingစွမ်းရည်များပေါ်တွင် အခြေခံသည်။ Englishကို အသုံးပြုလျက် သင်ကိုယ်တိုင် မည်မျှကောင်းကောင်း ဖော်ပြပြောဆိုနိုင်သလဲဆိုတာ စစ်ဆေးသည်။

(2) TOEFL iBTသည် သင့်အင်္ဂလိပ်စာ ကျွမ်းကျင်မှုများကို သင် မည်သို့ ကောင်းကောင်းပေါင်းစပ်နိုင်သည်ကို တိုင်းတာသည်။ ယင်း Test ၏ Speaking and Writing Sectionများတွင် များစွာသော integrated Tasks or questionsပါဝင်သည်။ ယင်းမေးခွန်းများကို ဖြေဆိုသူအနေဖြင့် ဖတ်ရှုရမည်။ နားထောင်ရမည်။ ထို့နောက် သင်ဖတ်ရှုခြင်း (Reading)၊ နားထောင်ခြင်း (Listening) မှ ကြားသိမှုပေါ်အခြေခံ၍ ပြောဆိုခြင်း (Speaking) (သို့မဟုတ်) ရေးသားခြင်း (Writing) ပြုရမည်ဖြစ်သည်။ ယင်းသည် Integrated question ၏ သဘောသဘာဝပင် ဖြစ်သည်။

(3) TOEFL iBTတွင် Paper Baseတွင် မေးခဲ့သော Structure Section မပါရှိချေ။ ဖြေဆိုသူ၏ English Grammar Knowledgeကို Test ၏ Skills Sections များတွင် တိုင်းတာသည်။ ဥပမာအားဖြင့် Speaking Testဖြေဆိုသောအခါ အင်္ဂလိပ်သဒ္ဒါစည်းမျဉ်းများ (Rules of English Grammar) ကို မှန်ကန်စွာ အသုံးချရမည် ဖြစ်သည်။

(4) TOEFL iBTသည် Readingနှင့် Listening Passageများတွင် ပိုမိုစစ်မှန်သော ဘာသာစကားကို အသုံးပြုသည်။ ဥပမာအားဖြင့် Listening Sectionတွင် စကားပြောဆိုခန်းတွင် ပါရှိသည့် ပြောဆိုသူများသည် တစ်ဦးကိုတစ်ဦး ကြားဖြတ်ပြောနိုင်သည်။ ယင်းသည် စကားပြောဆိုရာတွင် လူနှစ်ဦး သဘာဝကျကျပြောဆိုပြုလုပ်သကဲ့သို့ပင်ဖြစ်သည်။

mgyoe.com

(5) TOEFL iBT သည် မှတ်စုမှတ်ခြင်း (Note-taking) ကို ခွင့်ပြုထားသည်။ သင့်အနေဖြင့် Test Section တိုင်းတွင် ဖြေဆိုသူသည် မှတ်စုမှတ်နိုင်သည်။

## TOEFL iBT Scores (TOEFL iBT အမှတ်များ)

Section တစ်ခုစီအတွက် အမှတ်သည် Scale 0 မှ 30 ထိ ရှိသည်။

Total Test Score သည် 0 မှ 120 ထိ ရှိသည်။

## Test Sectoin

TOEFL iBT တွင် Test Section လေးခု ပါရှိသည်။

1. Speaking Section
2. Writing Section
3. Listening Section
4. Reading Section

## **Speaking Section**

Speaking Section မှာ Six tasks ပါရှိသည်။ မေးခွန်းနှင့် ပတ်သက်၍ ညွှန်ကြားချက်များကို နားထောင်ပြီး Task ကိုဖတ်ပါ။ Task နှစ်ခုတွင် Reading Passage, a Conversation (စကားပြောခန်း) (သို့မဟုတ်) လက်ချာ (Lecture)တို့ပါရှိသည်။ အခြားနှစ်ခုတွင် စကားပြောခန်း (Conversation) (သို့မဟုတ်) လက်ချာ (Lecture) သာ ပါရှိသည်။ Task တစ်ခုစီအတွက် 40 (သို့) **60 secs** ဖြေဆိုရမည်။

Speaking Section တွင် Task 1 နှင့် Task 2 သည် Independent Speaking Test ဖြစ်သည်။ ဖြေဆိုသူသည် အကျွမ်းတဝင်ဖြစ်သော Topic နှင့် ပတ်သက်၍ Short prompt ဖြင့် တုံ့ပြန်ဖြေဆိုရမည်။ Task 3 မှ Task 6 အထိသည် Integrated Skills Task များဖြစ်သည်။

ပထမဦးစွာ သင်ဖတ်ပြီးနားထောင်ပါ။ ထို့နောက် သင်ဖတ်ပြီး ကြားခဲ့သည်နှင့် ပတ်သက်၍ (ပြောဆို) ဖြေဆိုရမည်။

mgyoe.com

mgyoe.com


# TOEFL iBT စာမေးပွဲလမ်းညွှန်မြေပုံ

| Section | Total Time | Tasks |
|---|---|---|
| Reading | 60 minutes ဖြေဆိုရန် | Read 3 Passages Passage တစ်ခုလျှင် မေးခွန်း (၁၂)ခုမှ (၁၄)ခုပါဝင်သည်။ |
| Listening | 45 minutes ဖြေဆိုရန် | Listen to 2 Conversations (စကားပြောခန်း နှစ်ခုကို နားထောင်ရမည်) စကားပြောခန်းတစ်ခုလျှင် မေးခွန်းငါးခု ပါဝင်သည်။ Short Lecture(4)ခုကို နားထောင်ရမည်။ နှစ်ခုတွင် ကျောင်းသားထင်မြင်အကြံပေးချက် (Student Comments) ပါဝင်သည်။ Lecture တစ်ခုလျှင် မေးခွန်းခြောက်ခု ပါဝင်သည်။ |
| Speaking | 20 minutes ဖြေဆိုရန် | အကျွမ်းတဝင်ရှိသော အတွေ့အကြုံပေါ် အခြေခံ၍ ပြောဆိုဖြေဆိုရမည်။ (2 independent tasks ဖြစ်သည်)။ Reading (သို့) (နှင့်) Listening ပေါ် အခြေခံ၍ ပြောဆို(ဖြေဆို)ပါ။ (4 Integrated Tasks) |
| Writing | 50 minutes ဖြေဆိုရန် | Reading နှင့် Listening Passage (Integrated Task) ပေါ် အခြေခံ၍ တုံ့ပြန်မှု (Response)ကိုရေးသားပါ။ A prompt (1independent Task)ပေါ် အခြေခံ၍ Response(တုံ့ပြန်မှု) တစ်ခု ရေးသားပါ။ |

မှတ်ချက်။ ။ Listening Section ဖြေဆိုပြီးနောက် 10 minute break ရသည်။

mgyoe.com

mgyoe.com

သင်ဖတ်ပြီး နားထောင်စဉ် မှတ်စုထုတ်နိုင်သည်။ သင့်မှတ်စုကို တုံ့ပြန်စကား ပြောဆိုရန် အသုံးပြုပါ။ သင့်အနေဖြင့် ရှင်းရှင်းလင်းလင်း စုစုစည်းစည်း ပြောဆိုနိုင်ရမည်။ သင်ဖတ်ခဲ့၊ ကြားခဲ့သည့်အချက်များကို စုစည်း၊ ပေါင်းစပ်၍ ဖြေဆိုနိုင်စွမ်းရှိရမည်ဖြစ်သည်။

**Task 1 : Describing Something from your own Experience**
**(သင့်အတွေ့အကြုံမှ တစ်စုံတစ်ရာကို ဖော်ပြခြင်း)**

ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံပေါ် အခြေတည်၍ ၄၅ စက္ကန့်ကြာ ပြောဆို/ ဖြေဆိုရမည်။

**Task 2 : Expression and Supporting an Opinion Based on Personal Experience**

(ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံပေါ် အခြေခံ၍ ထင်မြင်ချက်တစ်ခုကို ဖော်ပြခြင်းနှင့် ထောက်ခံခြင်း) ၄၅ စက္ကန့် ပြောဆို/ဖြေဆိုရမည်။ သင့်ကိုယ်ရေး အတွေ့အကြုံပေါ်အခြေခံ၍ သင့်ထင်မြင်ချက်ပေးပြီး ထောက်ခံပြောဆိုရမည်။

**Task 3 : Synthesizing and Summarizing Information**
**(သတင်းအချက်အလက်ကို ပေါင်းစည်းပြီး အနှစ်ချုပ်ခြင်း)**

ဤ Task တွင် Announcement (ကြေညာချက်)တစ်ခုကို ဖတ်ရလိမ့်မည်။ ယင်း Announcement နှင့် ပတ်သက်၍ စကားပြောဆိုခြင်း (Conver sation)ကို နားထောင်ရမည်။ အထက်ပါ ဖတ်ရှုမှုနှင့် နားထောင်မှု နှစ်ခုစလုံးမှ အချက်အလက်များကို ပေါင်းစပ်၍ အနှစ်ချုပ်ကာ မေးခွန်းကို ဖြေဆိုရမည်။

ယင်းတုံ့ပြန်မှုအတွက် ပြင်ဆင်ချိန် ၃၀ စက္ကန့်ရရှိပြီး ဖြေဆိုချိန် ၆၀ စက္ကန့် ခွင့်ပြုထားသည်။

mgyoe.com

mgyoe.com


**Task 4: Synthesizing and Summarizing Information**
**(သတင်းအချက်အလက်ကို ပေါင်းစပ်၍ အနှစ်ချုပ်ခြင်း)**

သက်ဆိုင်ရာ Topic များကို ဖတ်ပြီး နားထောင်ရမည်။ သင်ဖတ်ခဲ့၊ ကြားခဲ့သည်နှင့်ပတ်သက်ပြီး မေးခွန်းတစ်ခုကို ၆၀ စက္ကန့်ကြာ တုံ့ပြန်ပြောဆို ဖြေဆိုရမည်။

**Task 5 : Summarizing a Conversation and Expressing an Opinion** **(စကားပြောခန်းကို အနှစ်ချုပ်ပြီး ထင်မြင်ချက်ဖော်ပြခြင်း)**

လူနှစ်ဦးက ပြဿနာတစ်ခုကို ဆွေးနွေးနေသော စကားပြောခန်းကို အနှစ်ချုပ်ပြီး ယင်းပြဿနာအဖြေကို သင့် ထင်မြင်ချက်ဖြင့် ပြောဆိုရမည်။

**Task 6 : Summariz a Lecture** **(လက်ချာတစ်ခုကို အနှစ်ချုပ်ခြင်း)**

ပညာရေးဆိုင်ရာ လက်ချာ (Academic Lecture) အတွက် ၆၀ စက္ကန့်ကြာ ပြောဆိုရမည်။

ကျန်ရှိနေသော Section အပိုင်းတွေကို ဆက်လက်တင်ပြပါမည်။

■

mgyoe.com

mgyoe.com

[ 2 ]

## Reading (ဖြေဆိုနည်း)

Reading က TOEFL iBT ရဲ့ ပထမဆုံးအခန်းဖြစ်ပါတယ်။ ကွန်ပျူတာ screen ရဲ့ ညာဖက်မှာ reading passage တွေကို တွေ့ရမှာဖြစ်ပါတယ်။ မေးခွန်းတွေကတော့ ဘယ်ဘက်မှာ တွေ့ရမှာဖြစ်ပါတယ်။ TOEFL iBT ရဲ့ Reading section မှာ Review Function ပါရှိပါတယ်။ Review ခလုတ်ကို နှိပ်လိုက်ရင် screen ရဲ့ထိပ်မှာ တွေ့နိုင်ပါတယ်။ မေးခွန်းအားလုံးကို ဖြေထားလား၊ မဖြေထားဘူးလားဆိုတာ တွေ့နိုင်ပါတယ်။ Reading section မှာ glossary feature ပါရှိပါတယ်။ Passage ထဲမှာ blue စာလုံးကို တွေ့နိုင်ပါတယ်။ Help button ကိုနှိပ်ရင် definition ကို ရှင်းပြတာ တွေ့နိုင်ပါတယ်။

### Reading Passages

Reading Passage မှာ အကြမ်းဖျင်းအားဖြင့် စကားလုံး 675 နဲ့ 725 ကြားရှိတတ်ပါတယ်။ passage (စာပိုဒ်) တွေကိုတော့ Typical American English နဲ့ ဖွဲ့စည်းထားပါတယ်။ Introduction (နိဒါန်း) စာပိုဒ်တစ်ပိုဒ်မှာ thesis statement (အကြောင်းအရာပြဝါကျ) Body (စာကိုယ်) စာပိုဒ်တွေ ပါရှိတယ်။ Body စာပိုဒ်တွေက Thesis statement မှာ ဖော်ပြထားတဲ့ အရေးကြီးတဲ့အချက်တွေကို support လုပ်ထားပါတယ်။ ပြီးတော့ အနှစ်ချုပ်အနေနဲ့ conclusion စာပိုဒ် ၁ပိုဒ် ပါရှိပါတယ်။

mgyoe.com

mgyoe.com

## Reading Questions

စုစုပေါင်း ကွဲပြားခြားနားတဲ့ မေးခွန်းပုံစံ (၁၃)မျိုး ပါရှိပါတယ်။ အဲဒီ မေးခွန်းတွေကို အမျိုးအစားသုံးမျိုး ခွဲခြားနိုင်ပါတယ်။

(၁) ဘာသာစကားအသုံးပြုမှု (language use) နားလည်မှု

(၂) အခြေခံဖတ်၍ နားလည်နိုင်စွမ်း (Basis comprehension)

(၃) ဖတ်ရှုနိုင်စွမ်း (the ability to read to learn)

### (1) Language Use

ဒီမေးခွန်းတွေကိုတော့ စာပိုဒ်ရဲ့ အစပိုင်းမှာ မေးလေ့ရှိပါတယ်။ စုစုပေါင်း Reading section မေးခွန်းစုစုပေါင်းရဲ့ တစ်ဝက်ခန့်ကို မေးလေ့ရှိပါတယ်။ မေးခွန်းပုံစံတွေကတော့

(1) Infering word meaning from context (7 to 9 per test)

(2) Locating a referent (3 per test)

(3) Defining a key term (1 to 2 per test)

(4) Understanding rhetorical function (3 to 4 per test)

(5) Para phrasing (2 or 3 per test)

(6) Understanding coherence (3 per test)

### (2) Basic Comprehension

ဒီမေးခွန်းကတော့ စုစုပေါင်း Reading section မေးခွန်းတွေရဲ့ သုံးပုံတစ်ပုံ ရှိပါတယ်။

(1) Understanding details (8 to 10 per test)

(2) Drawing on inference (3 to 4 per test)

(3) Identifying the main idea (1 per test)

### (3) Reading to learn

ဒီမေးခွန်းတွေကတော့ passage ရဲ့အဆုံးမှာရှိပါတယ်။ Reading section မှာ စုစုပေါင်း ဒီမေးခွန်း ၅ခုရှိပါတယ်။

(1) Inferring the authors opinion or attitude (multiple-choice) (1 per test)

mgyoe.com

(2) Understanding details as they relate to the main idea (schematic table)

(3) Summarizing the most important points (2 per test)

Reading ရဲ့ မေးခွန်းပုံစံအသေးစိတ်တွေကို နောက်ပိုင်းမှာ တစ်ခုချင်း ရှင်းလင်းတင်ပြသွားပါမယ်။

## Listening (ဖြေဆိုနည်း)

Listening section ဟာ North American Academic setting မှာပြောတဲ့အတိုင်း အင်္ဂလိပ်စကားကို နားလည်နိုင်တဲ့ စွမ်းရည်ကို မေးမြန်းခြင်း ဖြစ်ပါတယ်။

Listening sections မှာ ပါဝင်တာတွေကတော့

(၁) လူနှစ်ဦး စကားပြောခန်း (conversation) အဲဒီနောက်မှာ မေးခွန်း ငါးခု ပါတယ်။

(၂) ကျောင်းသားနှစ်ဦးရဲ့ ထင်မြင်ချက် (comment) ပါရှိတဲ့ လက်ချာ နှစ်ခု။ အဲဒီနောက်မှာ မေးခွန်း (၆)ခုပါတယ်။

(၃) လက်ချာနှစ်ခုရဲ့ မေးခွန်း (၆)ပုဒ်။

စကားပြောခန်းတွေကို လေ့လာကြည့်ရင် ကျောင်းသားနဲ့ ပါမောက္ခ ပြောတာမျိုး၊ ဒါမှမဟုတ် တခြားတက္ကသိုလ်ဝန်ထမ်း (စာကြည့်တိုက်မှူး၊ counselor၊ အုပ်ချုပ်ရေး လက်ထောက်)တို့ရဲ့ ပြောဆိုမှု တွေ အများဆုံး တွေ့ရပါတယ်။

စကားပြောခန်း (conversation) တွေဟာ ပြဿနာနဲ့ ဖြေရှင်းနည်း အဖြေပုံစံမျိုး ဖြစ်ပါတယ်။ ဒီပုံစံမှာ ကျောင်းသားဟာ အခြားပုဂ္ဂိုလ်ထံမှ အကူအညီ လိုပါတယ်။ သူဟာ သူ့ရဲ့လိုအပ်မှုတွေကို လိုအပ်တဲ့အကူအညီ ရရှိစေဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ Conversation က ပျမ်းမျှအားဖြင့် ၂မိနစ်ခွဲ (သို့) သည့်ထက် ပိုကြာတတ်ပါတယ်။

Lecture တွေမှာတော့ အကြောင်းအရာမျိုးစုံပါရှိပါတယ်။ အမေရိကန် သမိုင်း၊ အနုပညာ၊ စီးပွားရေးလုပ်ငန်း၊ သိပ္ပံပညာ (ဓာတုဗေဒ)၊ ပထဝီဝင်၊ လူမှုသိပ္ပံ (စိတ်ပညာ၊ လူမှုဗေဒ)တွေပါဝင်ပါတယ်။ ဒီလက်ချာတွေဟာ

mgyoe.com

mgyoe.com

များသော အားဖြင့် ၄ မိနစ်မှ ၅မိနစ်ထိ ကြာမြင့်ပါတယ်။

## Listening Questions

Listening Questions (TOEFL iBT) မှာ ကွဲပြားခြားနားတဲ့ မေးခွန်းပုံစံ (၇)မျိုး ရှိပါတယ်။ မေးခွန်း ၃ခု (သို့) ၄ခုကတော့ conversation ဖြစ်ပါတယ်။

Reading section က မေးခွန်းတွေလိုပဲ Listening questoin ကို လည်း ယေဘုယျအမျိုးအစား (၃)ခု ခွဲခြားနိုင်ပါတယ်။ အဲဒါတွေကတော့...

(1) Understanding of language use
(ဘာသာစကား အသုံးပြုမှုကို နားလည်ခြင်း)

(2) Basic comprehension
(အခြေခံ နားလည်နိုင်စွမ်း)

(3) The ability to listen to learn
(လေ့လာရန် နားလည်ဖို့ စွမ်းရည်) တို့ဖြစ်ပါတယ်။

### (1) Language Use

(a) Understanding of speaker's Implication
(ပြောသူရဲ့ပါဝင်ပတ်သက်မှုကို နားလည်ခြင်း) 3 to 5 per test.

(b) Understanding an indiomatic expression in context
(အကြောင်းအရာမှာပါရှိတဲ့ အီဒီယမ်ဖော်ပြချက်ကို နားလည်ခြင်း)
1 to 2 per test

(c) Understanding rhetorical function (Rhetorical ဖန်ရှင်ကို နားလည်ခြင်း) 5 to 6 per test

### (2) Basic Comprehension

(a) Identifying the main idea (lectures only)
(အဓိကအကြောင်းအရာ (အိုင်ဒီယာ)ကို ဖော်ပြခြင်း (လက်ချာများသာ) 4 per test

(b) Understanding details (အသေးစိတ်များ နားလည်ခြင်း)
12 to 14 per test

mgyoe.com

mgyoe.com


(c) Drawing an inference (ကောက်ချက်ချမှုကို ဆွဲယူခြင်း)
3 to 5 per test

**(3) Listening to listen**

(a) Summarizing the most important points (lectures only)
2 per test
အဓိကအရေးကြီးအချက်များကို အနှစ်ချုပ်ခြင်း (လက်ချာများသာ)

Listening section မေးခွန်းအားလုံးဟာ Fouroption multiple choice ဖြစ်ပါတယ်။ (mostimportant-points questoin မှလွဲ၍) မေးခွန်းပုံစံက Format နှစ်မျိုးရှိပါတယ်။ နှစ်ခုစလုံးမှာ 5 options ရှိပါတယ်။

ပထမ Format ပုံစံမှာ choice (5) ခုမှ မှန်ကန်တဲ့အဖြေ(၃)ခုကို ရွေးရမှာဖြစ်ပါတယ်။

ဒုတိယ Format ပုံစံမှာတော့ five options အတွက် Yes (or) No ဖြေရမှာဖြစ်ပါတယ်။ one or two of detail မေးခွန်း (lecture) မှာတော့ four options မှ မှန်ကန်တဲ့ အဖြေနှစ်မျိုးရွေးရမှာ ဖြစ်ပါတယ်။

Listening section အစပိုင်းမှစ၍ Writing Section အထိ ဆက်သွားသည်အထိ Headphone ကို အသုံးပြုရမည်။ ပြီးတော့ speaking ဖြေဆိုရန် Sepcial microphone ရှိသည်။

## Listening Passage

Listening Sectoin မှာ အောက်ပါတို့ပါဝင်သည်။

- ◆ လူနှစ်ဦးအကြား စကားပြောဆိုမှု (conversation) နှစ်ပုဒ် ပါဝင်သည်။ ယင်းပြောဆိုမှုတစ်ခုစီနောက်တွင် မေးခွန်းငါးပုဒ် ပါရှိသည်။
- ◆ ကျောင်းသားအကြံပြုချက်များနှင့် မေးခွန်းများပါရှိသော လက်ချာနှစ်ခု ပါရှိသည်။ လက်ချာတစ်ခုစီတွင် မေးခွန်းခြောက်ပုဒ် ပါရှိသည်။
- ◆ straight lecture နှစ်ခုပါရှိသည်။ ယင်းလက်ချာတစ်ခုစီတွင် မေးခွန်းခြောက်ပုဒ် ပါရှိသည်။

mgyoe.com

စကားပြောခန်းများတွင် ယေဘုယျအားဖြင့် ကျောင်းသားနှင့် ပေါ်မောက္ခအကြား ပြောဆိုမှုဖြစ်သည်။ (သို့မဟုတ်) အခြားတက္ကသိုလ်ဝန်ထမ်း အဖွဲ့ဝင်များဖြစ်သော တက္ကသိုလ်ရုံးခန်းရှိ စာကြည့်တိုက်မှူး၊ အုပ်ချုပ်ရေးဝန်ထမ်းတို့နှင့် ပြောဆိုခြင်းဖြစ်သည်။ စကားပြောခန်းများသည် ပြဿနာ/အဖြေရှာခြင်း ပုံစံဖြစ်သည်။ ယင်းပုံစံတွင် ကျောင်းသားသည် အခြားပုဂ္ဂိုလ်ထံမှ အထောက်အကူ လိုသည်။ လိုအပ်သော အထောက်အကူပြုမှုရရှိရန် ကြိုးပမ်းမှုတစ်ရပ်တွင် သူ (သို့) သူမ၏ လိုအင်ကို ရှင်းပြရမည်။ နောက်ထပ်ပုဂ္ဂိုလ်က ကျောင်းသားကို အကူအညီပေးရန် ကြိုးပမ်းသည်။ Conversation သည် ပျမ်းမျှအားဖြင့် နှစ်မိနစ်ခွဲ (သို့) ယင်းထက်ပိုသည်။ လက်ချာများသည် အကြောင်းအရာ စုံလင်သည်။ အမေရိကန် သမိုင်း၊ ပန်းချီအနုပညာ၊ စီးပွားရေးလုပ်ငန်း၊ ခက်ခဲသော သိပ္ပံအကြောင်းအရာဖြစ်သည့် ဓာတုဗေဒနှင့် ပထဝီဝင်၊ လူမှုရေးသိပ္ပံ (စိတ်ပညာ)တို့ ပါဝင်သည်။

## Listening Questions

TOEFL iBT Listening Section တွင် ကွဲပြားခြားနားသော မေးခွန်း (၇)မျိုး ပါဝင်သည်။ အများစုသည် လက်ချာပုံစံဖြစ်နိုင်သည်။ သို့သော် သုံးပုဒ် (သို့)လေးပုဒ်သည် Conversation ဖြစ်သည်။ Reading Section မေးခွန်းများကဲ့သို့ Listening Section မေးခွန်းများကို အထွေထွေ အမျိုးအစားသုံးခု ခွဲခြားနိုင်သည်။

(၁) ဘာသာစကားအသုံးပြုမှု နားလည်ခြင်း (Language Use)
(၂) အခြေခံနားလည်နိုင်စွမ်း (Basic Comprehension)
(၃) လေ့လာဖို့ နားထောင်ရန်စွမ်းရည် (Listening to Learn)

### (1) Language Use

(a) Speaker ၏ impilication တွေကို နားလည်ခြင်း (3 to 5 pertest)
(b) အကြောင်းအရာပါ idomatic expression ကို နားလည်ခြင်း (1 to 2 pertest)
(c) Rhetorical function နားလည်မှု (5 or 6 per test)

mgyoe.com

mgyoe.com

**(2) Basic Comprehension**

(a) Main Idea ကို ဖော်ညွှန်းခြင်း (လက်ချာ) (4 per test)

(b) Details(အသေးစိတ်အချက်များ နားလည်ခြင်း) (12 to 14 pertest)

(c) Inference (ကောက်ချက်ချခြင်း) (3 to 5 per test)

**(3) Listening to Learn**

အရေးကြီးသော အချက်များကို အနှစ်ချုပ်ခြင်း (လက်ချာ) (2 per test)

Listening Section မေးခွန်းများကို four-option multiple choice ဖြစ်သည်။ ယင်းမေးခွန်းပုံစံသည် ပုံစံနှစ်ခုနှင့် လာသည်။ နှစ်ခုစလုံးတွင် ရွေးချယ်စရာ option(၅)ခုရှိသည်။ ပထမပုံစံတွင် ဖြေဆိုသူသည် choice (၅)ခုမှ မှန်ကန်သော အဖြေ(၃)ခုကို ရွေးချယ်ရမည်ဖြစ်သည်။ ဒုတိယပုံစံတွင် Five option တစ်ခုစီကို Yes (or) No ပြုလုပ်ရမည်ဖြစ်သည်။ ထို့ပြင် လက်ချာပါ detail မေးခွန်းများ၏ တစ်ခု (သို့) နှစ်ခုသည် Four options မှ မှန်ကန်သော အဖြေနှစ်ခုကို ရွေးချယ်ရန်ဖြစ်သေည်။

## Writing Section

Writing Section တွင် မေးခွန်းပုံစံ(၂)မျိုးရှိသည်။ ပထမမေးခွန်းသည် Lecture (လက်ချာ)ကို နားထောင်ရမည်။ ပြီးတော့ သင့် Essay ကို ရေးရမည်။ Task (1) သည် Integrated Skills Test ဖြစ်သည်။ ပထမဦးစွာ ဖြေဆိုသူသည် ဖတ်ပြီး နားထောင်ရမည်ဖြစ်သည်။ သင်ဖတ်ခဲ့၊ ကြားခဲ့သည်မှ response ကို ရေးရမည်ဖြစ်သည်။ ဖတ်ပြီး နားထောင်နေစဉ် မှတ်စု ထုတ်နိုင်သည်။ ယင်းမှတ်စုသည် သင့် response အတွက် ပြင်ဆင်ရန် ဖြစ်သည်။ သင့်ရေးသားမှုပေါ်မူတည်၍ အမှတ်ပေးမည်ဖြစ်သည်။

Task (2) သည် Independent Writing Test Short prompt ပေါ် အခြေခံ၍ အကျွမ်းတဝင်ရှိသော Topic ပေါ်တွင် Essay ရေးရမည်ဖြစ်သည်။ Essay ရေးနိုင်ရန် Vocabulary (ဝေါဟာရ)နှင့် သဒ္ဒါ (Grammar) ကိုအသုံးပြုရမည်။

mgyoe.com

mgyoe.com

**Task (1) - Integrated Skills**

ဤ Testအတွက် စာပိုဒ်ဖတ်ရန် သုံးမိနစ် အချိန်ရသည်။ သက်ဆိုင်ရာ လက်ချာအတွက် နှစ်မိနစ်အချိန်ရသည်။ ထို့နောက် သင့် တုံ့ပြန်မှုအတွက် မိနစ် (၂၀)နှင့် ရေးသားရမည်ဖြစ်သည်။

**Task (2) - Writing**

ဤ Testအတွက် အကျွမ်းတဝင်ရှိသော အကြောင်းအရာကို ၃၀မိနစ် နှင့် ရေးရမည်ဖြစ်သည်။

## Speaking

The iBT TOEFLတွင် Speakingမေးခွန်းပုံစံခြောက်မျိုးရှိသည်။

(1) Independent $Q_1$

(2) Independent $Q_2$

ပြင်ဆင်ချိန် ၁၅စက္ကန့်ပေးထားပြီး ပြောချိန် 45sec ရရှိသည်။

(3) Integrated Q3

(4) Integrated Q4

Reading 45sec, Listening 1-2 minutes;

ပြင်ဆင်ချိန် ၃၀စက္ကန့်၊ ပြောချိန် ၆၀စက္ကန့်ရရှိသည်။

(5) Integrated Q5

(6) Integrated Q6

Listening 1-2 mins; ပြင်ဆင်ချိန် ၃၀စက္ကန့်၊ ပြောချိန် ၆၀စက္ကန့် ရရှိသည်။

အထက်ပါ Speakingမေးခွန်းပုံစံတွင် အမျိုးအစားနှစ်ခုရှိသည်။ ယင်းတို့မှာ Independentနှင့် Integratedတို့ဖြစ်သည်။ Independent မေးခွန်း ($Q_1$ နှင့် $Q_2$) သည် သင့်ကိုယ်ပိုင်အတွေ့အကြုံနှင့် အသိပညာ ဗဟုသုတ စမ်းသပ်ခြင်းဖြစ်သည်။

ကျန် Integrated Question ($Q_3$, $Q_4$, $Q_5$ နှင့် $Q_6$) တို့သည် သင် ဖတ်/ကြားရသည်ကို မည်မျှကောင်းစွာပြောဆိုနိုင်သလဲ စမ်းသပ်ခြင်း

mgyoe.com

ဖြစ်သည်။ သင့် Idea များသည် ကောင်းစွာစုစည်းနိုင်ရမည်။ သင် အသုံးပြုသော ဘာသာစကားသည် လွယ်လင့်တကူ နားလည်ရန် တိကျပြေပြစ်ရမည်။

■

mgyoe.com

mgyoe.com

[ 3 ]

# Speaking Skill
# Skill(A) Independent Speaking
# (Organizing Speech)
## (လွတ်လွတ်လပ်လပ်ပြောဆိုခြင်း) (ပြောဆိုမှုကို စုစည်းခြင်း)

**လိုအပ်သော ကျွမ်းကျင်မှုများ**

- ပုဂ္ဂိုလ်ရေးအတွေ့အကြုံကို ဖော်ပြခြင်း (သို့) ပုဂ္ဂိုလ်ရေး နှစ်သက်မှု အကြိုက်ကို ဖော်ပြခြင်း
- အိုင်ဒီယာများ စုစည်းခြင်း
- ရှင်းလင်းသော အကြောင်းအရာတစ်ခုနှင့် အထောက်အကူပြု အချက်များ ဖော်ပြခြင်း
- သဒ္ဒါပိုင်း၊ ဝေါဟာရနှင့် အသံထွက်ဆိုင်ရာ အသိပညာ ဗဟုသုတနဲ့ ရှင်းရှင်းလင်းလင်း၊ တိတိကျကျ ပြောဆိုခြင်း။

**မဟာဗျူဟာများ**

ပြင်ဆင်ချိန်သည် Speaking Test အတွက် အကန့်အသတ်ရှိသည်။ သင့် တုံ့ပြန်ပြောဆိုမှုကို စုစည်း၍ပြင်ဆင်ရန် အချိန်အသုံးပြုရန် အရေးကြီးသည်။ ဤနည်းအားဖြင့် သင့်တုံ့ပြန်ဖြေဆိုမှုသည် ပိုမိုလိုက်ဖက်မည် ဖြစ်သည်။

mgyoe.com

mgyoe.com

**လုပ်ငန်းစဉ် (၁)**

မေးခွန်းကိုဖတ်၍ နားလည်အောင်ကြိုးစားပါ။

**မဟာဗျူဟာ (၁)**

- မေးခွန်းကို နားလည်မှု သေချာပါစေ။
- မေးခွန်းက သင်ဘာဖြေဖို့လိုအပ်သလဲ နားလည်ပါ။

**လုပ်ငန်းစဉ် (၂)**

အကြောင်းအရာ ဖော်ပြချက်ကို ဆုံးဖြတ်ပါ။

**မဟာဗျူဟာ (၂)**

- အဓိက အိုင်ဒီယာ (Main Idea) ကိုဆုံးဖြတ်ပါ။
- အနေအထားတစ်ခုကို ရွေးချယ်ပါ။
- မေးခွန်းနှင့် သက်ဆိုင်ရာကို စဉ်းစားပါ။

**လုပ်ငန်းစဉ် (၃)**

အထောက်အကူပြု အိုင်ဒီယာများ (Supporting ideas) များကို စဉ်းစားသုံးသပ်ပြီး ရွေးချယ်ပါ။

**မဟာဗျူဟာ (၃)**

- သင့်အတွေ့အကြုံများမှ အထောက်အကူပြု အိုင်ဒီယာများကို လျှင်လျှင်မြန်မြန် စဉ်းစားပါ။
- သင့်အကြောင်းအရာ ဖော်ပြချက်ကို အရှင်းလင်းဆုံး အထောက်အကူပြုသည့် အိုင်ဒီယာများကို ရွေးချယ်ပါ။

**လုပ်ငန်းစဉ် (၄)**

- အိုင်ဒီယာများကို စုစည်းပါ။

mgyoe.com

mgyoe.com

မဟာဗျူဟာ (၄)

◆ သင့်အိုင်ဒီယာများကို စီစဉ်ပါ။ အရေးကြီးဆုံးမှ အရေးကြီးမှု အနည်းဆုံးသို့ အစီအစဉ်တကျရေးသားပါ။

* * *

## Personal Experience (ပုဂ္ဂိုလ်ရေး အတွေ့အကြုံ)

**Q.** What is a useful skill your mother or father taught you? သင့်မိခင် (သို့) ဖခင်က သင့်ကို သင်ကြားပေးတဲ့ အသုံးဝင်တဲ့ ကျွမ်းကျင်မှုက ဘာလဲ။

**A.** A useful skill my father taught me is managing my money. He taught me this skill by givig me some spending money when I was in school. Today, I use this skill all the time when I get my monthly paycheck. I know how much money I should spend on food, clothing, and other expenses. ကျွန်တော့်ဖခင် ကျွန်တော့်ကို သင်ကြားပေးခဲ့တဲ့ အသုံးဝင်တဲ့ ကျွမ်းကျင်မှုတစ်ခုကတော့ ကျွန်တော့်ငွေကြေးကို စီမံခန့်ခွဲခြင်းပါပဲ။ ကျွန်တော် ကျောင်းတက်ခဲ့တဲ့အခါ သုံးစွဲငွေအချို့ပေးခြင်းဖြင့် ဒီကျွမ်းကျင်မှုကို ကျွန်တော့်ကို သူက သင်ကြားပေးခဲ့ပါတယ်။ ဒီနေ့ခေတ်မှာတော့ ကျွန်တော်ဟာ ကျွန်တော့် ရဲ့ လစဉ်ချက်လက်မှတ်ကို ရရှိတဲ့အခါ တစ်ချိန်လုံး ဒီကျွမ်းကျင်မှုကို ကျွန်တော်အသုံးပြုပါတယ်။ အစားအစာ၊ အဝတ်အထည်နဲ့ တခြားစရိတ်တွေ ဘယ်လောက်များများ ငွေကြေး ကျွန်တော်သုံးစွဲသင့်သလဲဆိုတာ ကျွန်တော်သိပါတယ်။

**Q.** Difficult experience can be valuable learning experience. What was a difficult experience in your life? What did you learn from this experience?

mgyoe.com

mgyoe.com

ခက်ခဲတဲ့ အတွေ့အကြုံတွေဟာ တန်ဖိုးရှိတဲ့ လေ့လာမှု အတွေ့အကြုံဖြစ်ပါတယ်။ သင့်ဘဝမှာ ခက်ခဲတဲ့ အတွေ့အကြုံတစ်ခုက ဘာလဲ။ ဒီအတွေ့အကြုံမှ သင် ဘာကို လေ့လာသိရှိခဲ့သလဲ။

**A.** One difficult experience in my life was living alone in another city. I experienced this when I moved in order to go to school. It was difficult because I didn't have any friends or relatives there. That meant I had to do every thing myself and solve lots of problems by myself. From this experience, I learnt self rellance.Now, I know that I can take care of myself.

ကျွန်တော့်ဘဝမှာ ခက်ခဲတဲ့အတွေ့အကြုံတစ်ခုကတော့ နောက်မြို့တစ်မြို့မှာ တစ်ဦးတည်းနေထိုင်ခြင်းပါပဲ။ ကျောင်းတက်ဖို့ အလို့ငှာ ကျွန်တော်ပြောင်းရွှေ့တဲ့အခါ အဲဒီခက်ခဲမှုကို တွေ့ကြုံရပါတယ်။ ဒါဟာ ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီမှာ သူငယ်ချင်းတွေနဲ့ ဆွေမျိုးသားချင်း တစ်ဦးတစ်ယောက် မရှိခဲ့လို့ပါ။ ဆိုလိုတာကတော့ ကျွန်တော်ဟာ အရာရာကို ကျွန်တော်ကိုယ်တိုင် ပြုလုပ်ခဲ့ရပါတယ်။ ပြဿနာများစွာကို ကျွန်တော်ကိုယ်တိုင် ဖြေရှင်းခဲ့ပါတယ်။ ဒီအတွေ့အကြုံမှ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် အားထားမှုကို လေ့လာခဲ့ရပါတယ်။ အခုတော့ ကျွန်တော်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်။

■

mgyoe.com

mgyoe.com

[ 41 ]

## Personal Preference (ပုဂ္ဂိုလ်ရေးနှစ်သက်မှု)

**Q.** **Describe a person that you admire. Explain why you admire this person. Include details and examples to sup port your reason.**

သင်သဘောကျတဲ့ လူပုဂ္ဂိုလ်တစ်ဦးကို ဖော်ပြပါ။ ဒီပုဂ္ဂိုလ်ကို သင် ဘာကြောင့် နှစ်သက်သလဲဆိုတာ ရှင်းပြပါ။ သင့်အကြောင်းရင်းကို အထောက်အကူပြုရန် အသေးစိတ်အချက်များနဲ့ ဥပမာများ ပါဝင် ပါစေ။

**A.** One person I admire is my mother. I admire her because she works very hard. My mother is a home maker. She has worked hard to raise me and my brothers and sisters. Even though she does not earn a wage, she has shown me how important it is to do your life's work the best that you can.

ကျွန်တော်သဘောကျတဲ့ ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်ရဲ့အမေဖြစ်ပါ တယ်။ သူမဟာ အလွန်အလုပ်ကြိုးစားတဲ့အတွက်ကြောင့် သူမကို နှစ်သက်သဘောကျပါတယ်။ ကျွန်တော့်အမေဟာ အိမ်ထောင် ရှင်မတစ်ဦး ဖြစ်ပါတယ်။ သူမဟာ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို၊ အစ်မတွေကို မွေးမြူဖို့ အလုပ်ကြိုးစားခဲ့ပါတယ်။ သူမဟာ လုပ်ခ ဝင်ငွေ မရတာတောင်မှ သင့်ဘဝအလုပ်မှာ အကောင်းဆုံး သင်

mgyoe.com

ဘာလုပ်နိုင်သလဲဆိုတာ၊ ဘယ်လောက်အရေးကြီးသလဲဆိုတာ သူမက ပြသခဲ့ပါတယ်။

**Q.** Would you like to try a dangerous sport?
အန္တရာယ်ရှိတဲ့ အားကစားကို ကြိုးစားကစားကြည့်ဖို့ သင် နှစ်သက်သလား။

**A.** One dangerous sport that I would like to try is skydiving. The sport looks like it would be a lot of fun. In order to do this sport, you have to be brave enough to jump out of the place. I want to see if I can be that brave. I also think that I would enjoy the feeling of free-falling. That is why I want to try skydiving.
ကျွန်တော် ကြိုးစားကြည့်ချင်တဲ့ အန္တရာယ်များတဲ့ အားကစားတစ်မျိုးကတော့ မိုးကောင်းကင်မှ ဒိုက်ထိုးခြင်း ဖြစ်ပါတယ်။ ဒီအားကစားက ပျော်စရာများစွာရှိတဲ့ အားကစားနဲ့ ဆင်တူပါတယ်။ ဒီအားကစားပြုလုပ်ဖို့အလို့ငှာ သင့်အနေနဲ့ လေယာဉ်ပေါ်မှ ခုန်ချဖို့ ရဲရင့်ရပါမယ်။ အဲဒီရဲရင့်မှုကျွန်တော့်မှာ ရှိနိုင်သလားဆိုတာ ကျွန်တော် ကြည့်ချင်ပါတယ်။ လွတ်လွတ်လပ်လပ် ခုန်ဆင်းခြင်းခံစားချက်ကို ကျွန်တော် ပျော်ရွှင်လိမ့်မယ်လို့ထင်ပါတယ်။ ဒါဟာ မိုးကောင်းကင်မှ ဒိုက်ထိုးချင်တဲ့ အကြောင်းရင်းပါပဲ။

**Q.** Some movies are made just to entertain audiences, while others are meant to make audiences think about certain issues. Which type of movie do you prefer? Describe a movie you saw that represents your preferred type of movie.
တချို့ရုပ်ရှင်ကားတွေကို ပရိသတ်တွေကို ဖျော်ဖြေဖို့ ထုတ်လုပ်ထားပေမယ့် တခြားရုပ်ရှင်ကားတွေကတော့ ပရိသတ်တွေကို သေချာတဲ့ပြဿနာတွေနဲ့ ပတ်သက်လို့ စဉ်းစားတွေးတောဖို့ ဖော်ညွှန်းကြတယ်။ သင့်ရဲ့ ပိုကြိုက်တဲ့ ရုပ်ရှင်ကားအမျိုးအစားကို ကိုယ်စား

mgyoe.com

mgyoe.com


ပြုတဲ့ သင်ကြည့်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ဖော်ပြပါ။

**A.** I prefer movies that entertain me. One movie that fits this category is **spiderman 2** I saw this movie because lots of my friends told me it was good. This movie was entertaining because it had several great special effects and an interesting story. This movie made me forget about real life for a few hours, and I enjoyed the fantastic life of a superhero for a little while.

ကျွန်တော့်ကို ဖျော်ဖြေတဲ့ ရုပ်ရှင်ကားတွေကို ကျွန်တော် ပိုကြိုက်ပါတယ်။ သည်အမျိုးအစားနဲ့ ကိုက်ညီတဲ့ ရုပ်ရှင်ဇာတ်ကား တစ်ကားကတော့ spiderman-2 ဖြစ်ပါတယ်။ ကျွန်တော် ဒီရုပ်ရှင်ဇာတ်ကားကို ကြည့်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်သူငယ်ချင်းများစွာက အဲဒီဇာတ်ကား ကောင်းတယ်လို့ ကျွန်တော့်ကို ပြောခဲ့ကြလို့ပါ။ ဒီရုပ်ရှင်ကားက ဖျော်ဖြေရေးပေးခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကြီးမားတဲ့ အထူးပြကွက် အမြောက်အမြားနဲ့ စိတ်ဝင်စားဖွယ်ဇာတ်လမ်းရှိလို့ပါ။ ဒီရုပ်ရှင်ဇာတ်ကားက တကယ့်ဘဝကို နာရီအနည်းငယ်ကြာမေ့စေခဲ့ပြီး စူပါသူရဲကောင်းတစ်ဦးရဲ့ အံ့သြဖွယ်ဘဝကို အချိန်အနည်းငယ်ကြာ ပျော်ရွှင်ခဲ့လို့ပါ။

* * *

mgyoe.com

# Skill (B) (Speaking Skill)
# Integrated Speaking : Synthesizing Information

လိုအပ်သော ကျွမ်းကျင်မှု

- Reading နှင့် Listening စာပိုဒ်များပါ အချက်အလက်ကို နားလည်ခြင်း။
- အရေးကြီးတဲ့ သတင်းအချက်အလက်ရဲ့ မှတ်စုတွေထုတ်ခြင်းနဲ့ အဲဒီအချက်တွေကို သင့်ရဲ့တုံ့ပြန်ပြောဆိုမှုမှာ အသုံးပြုခြင်း။
- ပိုမိုတိကျတဲ့ သတင်းအချက်အလက်နဲ့ နောက်ခံအချက်အလက်ကို ပေါင်းစပ်ဖွဲ့စည်းခြင်း။
- သတင်းအချက်အလက်ပါ ကွဲပြားခြားနားမှုတွေ (သို့) အခြေခံသဘောတရားတွေကို မီးမောင်းထိုးပြပြီး Listening မှာပါရှိတဲ့ အချက်တွေကို အသုံးပြုလျက် Reading နဲ့ Listening မှာပေးထားတဲ့ သတင်းအချက်အလက်ကို ပေါင်းစပ်ဖွဲ့စည်းခြင်း။
- Speaking ရဲ့ ရည်ရွယ်ချက်နဲ့ သဘောထားအမြင်ကို မှတ်မိခြင်း။
- သတင်းအချက်အလက်ကို Paraphrasing ပြုလုပ်ခြင်း။

မဟာဗျူဟာများ (strategies)

| လုပ်ငန်းစဉ် | မဟာဗျူဟာ |
|---|---|
| Read and Listen (ဖတ်ပြီး နားထောင်ပါ) | Read နဲ့ Listening ပါ အရေးကြီးတဲ့ အချက်အလက်တွေကို မှတ်စုထုတ်ပါ။ |
| မေးခွန်းကို ဖတ်ပြီး Task ကို နားလည်ပါ။ | Listening စာပိုဒ် Reading စာပိုဒ်မှ အချက်အလက်အကြား ဆက်သွယ်မှုကို ဖော်ပြပါ။ |
| အိုင်ဒီယာများကို စုစည်းပါ။ | Listening နဲ့ Reading စာပိုဒ်တွေမှ အိုင်ဒီယာတွေကို စီစဉ်ပါ။ သတင်းအချက်အလက်ကို တုံ့ပြန်တဲ့ Topic Sentence ကို စဉ်းစားပါ။ |

mgyobe.com

mgyoe.com

# Skill (B) Practice
## Reading

Read the following information.

**Class Concellation Notic**

To all students enrolled in History 102: Please be advised that Prof. Brown will be absent from the university all of next week due to illness. Kindly note that both lectures scheduled for next week on Monday, August 22nd and Wednesday, August 24th, are hereby canceled. All assignments and readings next week will be due one week later, in class on Monday, August 29th.

*အထက်ပါ စာပိုဒ်ကို မြန်မာပြန်ကြည့်ရအောင်။*

**အတန်းပယ်ဖျက်ခြင်း အသိပေးခြင်း**

သမိုင်းဘာသာရပ် (၁၀၂)တွင် စာရင်းသွင်းခဲ့သော ကျောင်းသားအားလုံးသို့။

ပါမောက္ခဘရောင်းသည် နေမကောင်းသည့်အတွက် လာမည့်သီတင်းပတ်တွင် တက္ကသိုလ်မှ အတန်းအားလုံး ပျက်ကွက်လိမ့်မည်ဖြစ်ပါသည်။ နောက်တစ်ပတ် တနင်္လာနေ့၊ ဩဂုတ် (၂၂)နှင့် ဗုဒ္ဓဟူးနေ့၊ ဩဂုတ် (၂၄)ရက်အတွက် အစီအစဉ်ဆွဲထားသော လက်ချာနှစ်ခုစလုံးကို ပယ်ဖျက်မည်ဖြစ်ကြောင်း မှတ်သားစေလိုသည်။ နောက် သီတင်းပတ် သတ်မှတ်ထားသော အဆိုင်းမင့်များနှင့် ဖတ်စရာများကို တနင်္လာနေ့၊ ဩဂုတ် ၂၉ ရက် တစ်ပတ်အကြာ နောက်ဆုံးရက် သတ်မှတ်ရက် ဖြစ်ပါသည်။

## Listening (Conversation)

အမျိုးသား (M) နှင့် အမျိုးသမီး (W) တို့ ပြောဆိုနေကြသည်။

**M:** Hi Tara! Did you here that Prof.Brown is sick? He'll be absent all of next week.

mgyoe.com

mgyoe.com

ဟိုင်း တာရာ။ ပါမောက္ခကြီးဘရောင်း နေမကောင်းဖြစ်တာ မင်း ကြားခဲ့လား။ ဆရာကြီးတော့ နောက်တစ်ပတ် အတန်းအားလုံး ပျက်တော့မယ်။

**W:** What? That's awful! He's so sick he can't come to class?
ဘာလဲဟင်။ ဒါဟာ စိတ်မချမ်းမြေ့စရာပဲ။ ဆရာကြီးက သိပ်ဖျား နေတော့ အတန်းကို မလာနိုင်ဘူးပေါ့။

**M:** Don't worry, he's not seriously ill. Anyways, I'm so happy because we have an extra week to finish the assignment!
စိတ်မပူပါနဲ့။ ဆရာကြီးက အလွန်အမင်း နေမကောင်းဖြစ်တာ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့။ ငါတော့ အလွန်ပျော်တယ်။ ဘာ့ကြောင့်လဲဆိုတော့ အဆိုင်းမင့်ပြီးစီးဖို့ ငါတို့ အပိုတစ်ပတ် ရလို့လေ။

**W:** What do you mean about having an extra week to finish the assignment?
အဆိုင်းမင့် ပြီးဖို့ အပိုတစ်ပတ်ရတာက ရှင် ဘာကိုဆိုလိုတာလဲ။

**M:** Both of next week's classes are cancelled, the one on Monday and the one on Wednesday. Check the notic in the student lounge. It says next week's assignments are now due on the 29th once he back.
နောက်တစ်ပတ် အတန်းနှစ်တန်းလုံး ဖျက်လိုက်ပြီလေ။ ပထမ အတန်းက တနင်္လာနေ့၊ နောက်အတန်းက ဗုဒ္ဓဟူးနေ့လေ။ ကျောင်းသား နားနေခန်းမှာရှိတဲ့ ကြော်ငြာကို သွားကြည့်လေ။ အဲဒီမှာ ဖော်ပြ ထားတာက နောက်တစ်ပတ်ရဲ့ အဆိုင်းမင့်တွေဟာ ဆရာကြီး ပြန်လာမယ့် ၂၉ ရက်နေ့ နောက်ဆုံးရက် ဖြစ်သွားပြီလေ။

mgyoe.com

mgyoe.com

**W:** Well, all this is good news! I'm behind in my work. I haven't even read the article yet, and doing that report would have taken all weekend. Hey, since we have both got an extra week, how about a movie on Saturday?

ကောင်းပြီ။ ဒါအားလုံးဟာ သတင်းကောင်းပဲ။ ကျွန်မတော့ အဆိုင်းမင့် နောက်ကျနေပြီ။ ဆောင်းပါးလည်း မဖတ်ရသေးဘူး။ အစီရင်ခံစာ တော့ စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး ရေးရတော့မယ်။ ဟော . . . ကျွန်မတို့အားလုံး အပိုတစ်ပတ်ရတယ်ဆိုတော့ စနေနေ့မှာ ရုပ်ရှင် သွားကြည့်ကြမလား။

အထက်ပါ Reading ကို ဖတ်ပြီး Listening ကို နားထောင်ပြီး မှတ်စုထုတ်ပြီးရင် အောက်ပါမေးခွန်းကို ဖြေရပါမယ်။

The woman expresses her feelings about the class cancellations and the extra week to finish the assignment. State her opinion and the reasons she gives for having that opinion.

အမျိုးသမီးဟာ အတန်းဖျက်ခြင်းနဲ့ အဆိုင်းမင့်ပြီးစီးဖို့ အပို သီတင်း ပတ်နဲ့ ပတ်သက်ပြီး သူမရဲ့ခံစားချက်တွေကို ဖော်ပြတယ်။ သူမရဲ့ ထင်မြင် ချက်ကို ဖော်ပြပါ။ အဲဒီထင်မြင်ချက်ကို သူမ ပေးရခြင်း အကြောင်းရင်း များကို ဖော်ပြပါ။

အဲဒီလို main points တွေကို စဉ်းစားပါ။

Now create your won response by using Reading and Listening.

Reading နဲ့ Listening ကို အသုံးပြုပြီး ယခု သင့် ကိုယ်ပိုင်တုံ့ပြန်မှု ကို ဖန်တီးပါ။

mgyoe.com

## Sample Response

The woman learns that the professor is sick and that classes are being cancelled. At first, she worries about the professor and the cancelled classes. The man, however, explains that the professor is not seriously ill, and that they have on extra week until the professor is back to finish their assignment. After that, the woman feels glad she was behind in her work.

■

mgyoe.com

mgyoe.com

[ 5 ]

## Reading and Conversation

Read the following information.
အောက်ပါအချက်အလက်ကို ဖတ်ပါ။

### Reading

**Security Notic to all Campus Residents**

Please be advised that five security guards will be added to compus security night patrol units, starting Monday, October 3rd. This decision was made by the university administration in collaboration with campus security. This change follows recent events on campus involving acts of vandalism to school property and buildings, as well as thefts in domitories reported by housing services. Students are encouraged to cooperate with campus security at all times and report any information concerning violations committed on campus to the university administration.

*အထက်ပါစာပိုဒ်ကို မြန်မာလို ဘာသာပြန်ကြည့်ရင်–*

တက္ကသိုလ်ကျောင်းဝင်း နေထိုင်သူအားလုံးသို့ လုံခြုံရေးကြေညာချက်

အောက်တိုဘာလ ၃ရက်နေ့ တနင်္လာနေ့မှ စတင်၍တက္ကသိုလ် ကျောင်းဝင်း လုံခြုံရေး ညဘက်လှည့်လည်စောင့်ကြည့်ရေး ယူနစ်များသို့

mgyoe.com

mgyoe.com

လုံခြုံရေးအစောင့် ငါးဦးကို ထပ်မံထည့်သွင်းမည်ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းဝင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့မှ ဤဆုံးဖြတ်ချက်ကို ချခဲ့ပါသည်။ အိုးအိမ်လုပ်ငန်းက အစီရင်ခံသော အဆောင်များတွင် ခိုးယူမှုများကဲ့သို့ ကျောင်းပိုင်ပစ္စည်းနှင့် အဆောက်အဦများတွင် နံရံများ၌ ပန်းချီဆွဲခြင်းနှင့် စာရေးခြင်းများ ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကျောင်းဝင်းတွင် မကြာသေးမီက ဖြစ်ရပ်များကြောင့် ဤပြောင်းလဲမှုကို လိုက်ပါဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကျောင်းသားများအား အချိန်မရွေးကျောင်းဝင်းလုံခြုံရေးတွင် ပူးပေါင်းဆောင်ရွက်ရန် အားပေးထားပြီး တက္ကသိုလ်ကျောင်းဝင်းအတွင်း ကျူးလွန်ခဲ့သော အကြမ်းပတမ်းမှုခင်းအသေးစားများနှင့်ပတ်သက်၍ သတင်းအချက်အလက် တစ်စုံတစ်ရာကို တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံစေလိုပါသည်။

## Conversation

တက္ကသိုလ်ကျောင်းဝင်းတွင် လုံခြုံရေးအစောင့် အပိုထပ်မံ ထည့်သွင်းခြင်းနှင့် ပတ်သက်၍ လူနှစ်ဦးက သူတို့ထင်မြင်ချက်ကို ဖော်ပြပြောဆိုနေသည်။

**M :** Wow, they're beefing up security on compus now. I guess what's been happening is being taken seriously.

ဝူး . . . သူတို့ကတော့ အခု တက္ကသိုလ်ကျောင်းဝင်းမှာ လုံခြုံရေးနဲ့ ပတ်သက်လို့ ညည်းညူနေကြတယ်။ ဘာ ဖြစ်ပျက်နေသလဲဆိုတာ အလေးအနက်စဉ်းစားရမယ်လို့ ငါထင်တယ်။

**W:** Well, it is serious. Lisa had her MP3 player stolen from her domitory room last weekend and Chrissie had some money taken the very next night. Now, I'm always worried about something being ripped off from my room. It's terrible.

အင်း . . . ဒါဟာ အလေးအနက်ထားရမှာပဲ။ လွန်ခဲ့တဲ့ သီတင်းပတ်က လီဆာက သူမရဲ့အဆောင်ခန်းမှာ သူမရဲ့ MP3 အခိုးခံ

mgyoe.com

mgyoe.com

ခဲ့ရတယ်။ ခရစ်စ်ကတော့ နောက်တစ်ညမှာပဲ သူမပိုက်ဆံ အခိုးခံရတယ်။ အခုတော့ ကျွန်မလည်း ကျွန်မအခန်းမှ တစ်စုံတစ်ရာ ယူသွားမှာကို အစဉ်အမြဲပူပန်နေရတယ်။ ဒါဟာ ကြောက်စရာပဲနော်။

**M:** Well, I don't live on campus, but I surely understand how worried you are. I've also seen the heavy damage done to the campus square gates and all the yellow paint splashed onto the main building. I think who ever the culprit is should really be caught.

အင်း . . . ကျွန်တော်ကတော့ ကျောင်းဝင်းမှာ မနေပါဘူး။ ဒါပေမဲ့ ခင်ဗျား ဘယ်လိုစိတ်ပူမလဲဆိုတာ ကျွန်တော် အသေအချာနားလည်ပါတယ်။ ကျောင်းဝင်းစကွဲရားဂိတ်မှာ ကြီးမားတဲ့ အပျက်အစီးတွေ ကျွန်တော် တွေ့မြင်ပြီးပါပြီ။ အဓိက အဆောက်အဦပေါ်မှာ အဝါရောင်ဆေးတွေ ပြန့်ကျဲလို့ နေတယ်။ အပြစ်ကျူးလွန်တဲ့ ဘယ်သူမဆို အမှန်တကယ် ဖမ်းသင့်တယ်လို့ ကျွန်တော်ထင်တယ်။

**W:** Right. I think the added guards are a good idea, and that it anyone knows anything they should report it right away.

မှန်ပါတယ်။ အစောင့်တွေ ထပ်ဖြည့်တာဟာ ကောင်းတဲ့အိုင်ဒီယာလို့ ကျွန်မ ထင်တယ်။ ပြီးတော့ တစ်စုံတစ်ရာလုပ်တာကို တစ်ဦးတစ်ယောက်က သိရင် သူတို့က အဲဒါကို အစီရင်ခံသင့်တယ်။

*အထက်ပါ **Reading** နဲ့ **Conversation** ကိုကြည့်ပြီး သင့်ရဲ့ ကိုယ်ပိုင်တုံ့ပြန်မှုကို အခုလို ရေးပြမှာ ဖြစ်ပါတယ်။*

mgyoe.com

## Sample Response

The university is adding more security guards to campus right patrols. Students are informed this decision follows recent damage and thefts occurring on campus. The woman states that things are serious. The woman's friends had things stolen from their dormitory rooms and the woman herself is now worried about being robbed, too. The man understands. He has seen damage done to school property and buildings. The man thinks people doing all these things should be caught. The woman agrees and adds that any information should be reported. They both agree that adding security guard's on campus is a good idea.

*အဲဒါကို မြန်မာလို အဓိပ္ပာယ်ပြန်ပေးလိုက်ပါတယ်။*

တက္ကသိုလ်ဟာ တက္ကသိုလ်ကျောင်းဝင်း ညဘက်စောင့်ကြပ်ကြည့်ရှုဖို့ လုံခြုံရေးအစောင့်တွေ ထပ်မံဖြည့်တင်းနေပါတယ်။ မကြာသေးမီက ကျောင်းဝင်းအတွင်း ဖြစ်ပျက်တဲ့အပျက်အစီးနဲ့ ခိုးယူမှုတွေကြောင့် ဒီဆုံးဖြတ်ချက်ကို ချလိုက်ကြောင်း ကျောင်းသားတွေကို အသိပေးထားပါတယ်။ သည်ကိစ္စရပ်တွေကို အလေးအနက်ထားရမယ်လို့ အမျိုးသမီးက ဆိုပါတယ်။ အမျိုးသမီးရဲ့ သူငယ်ချင်းတွေနဲ့ အဆောင်အခန်းတွေမှာ ပစ္စည်းတွေ အခိုးခံရပြီး အခုတော့ အမျိုးသမီးကိုယ်တိုင်လည်း လုယက်ခံရမှာကို စိုးရိမ်ပူပန်တေယ်။ အမျိုးသားဖြစ်သူက နားလည်ပါတယ်။ သူဟာ ကျောင်းပိုင်ပစ္စည်းနဲ့ အဆောက်အဦတွေ ပျက်စီးတာလည်း သူ မြင်တွေ့ထားတယ်။ သည်ကိစ္စတွေအားလုံး ပြုလုပ်နေတဲ့လူတွေကို ဖမ်းသင့်တယ်လို့ အမျိုးသားက ထင်တယ်။ ဘယ်သတင်းအချက်အလက်မဆို အစီရင်ခံသင့်တယ်ဆိုတာ အမျိုးသမီးက သဘောတူပြီး ဖြည့်စွက်ပြောတယ်။ တက္ကသိုလ်ဝင်းမှာ လုံခြုံရေးအစောင့်တွေ ထပ်ဖြည့်ခြင်းဟာ ကောင်းတဲ့အိုင်ဒီယာတစ်ခုဆိုတာ သူတို့နှစ်ဦးလည်း သဘောတူကြတယ်။

mgyoe.com

mgyoe.com

Reading နဲ့ Listening ကို နားလည်ပြီး Integrated Speaking ကို တုံ့ပြန်ပြောဆိုဖြေဆိုနိုင်ဖို့ အထက်ပါ sample Response တွေကို နားလည်အောင် လေ့လာထားစေချင်ပါတယ်။

■

mgyoe.com

mgyoe.com

[ 6 ]

## Independent writing Task

TOEFL iBT ရဲ့ Independent Writing Task က Essay တစ်ပုဒ် ရေးရမှာ ဖြစ်ပါတယ်။ သည် Essay မှာ Issue (ပြဿနာတစ်ရပ်) (သို့မဟုတ်) ပြဿနာ (problem) တစ်ခုရဲ့အဖြေ (solution) ပေါ်မှာ သင့်ထင်မြင်ချက် (opinion) ကို ရှင်းပြပြီး ရေးရမှာဖြစ်ပါတယ်။ သင့်ထင်မြင်ချက်အတွက် အကြောင်းပြချက်တွေ (reasons) ခိုင်လုံဖို့ လိုပါတယ်။ သင့် ထင်မြင်ချက်ကို support (ထောက်ခံ)ဖို့ အသေးစိတ်အချက်အလက်တွေနဲ့ ဥပမာတွေနဲ့ ရေးရမှာဖြစ်ပါတယ်။

### Independent Writing Task အတွက် မဟာဗျူဟာများ

(၁) ထိရောက်တဲ့ Essay ရဲ့ ဖွဲ့စည်းမှုဖြစ်ပါစေ။

ထိရောက်တဲ့ Essay မှာ Introductory Paragraph (နိဒါန်း စာပိုဒ်) နဲ့ စတင်ရမှာဖြစ်ပြီး thesis statement (အကြောင်းအရာဖော်ပြချက်) ပါရှိရမှာဖြစ်ပါတယ်။ Thesis statement ဟာ ဒီ Essay ရဲ့ အကြောင်းကို ဘာလဲဆိုတာ ဖော်ပြခြင်းဖြစ်ပါတယ်။

Essay ရဲ့ Body (စာကိုယ်)မှာ Introduction ကို Support လုပ်တဲ့ စာပိုဒ်တွေပါရမှာဖြစ်ပါတယ်။ နိဂုံးစာပိုဒ် (Conclusion paragraph) နဲ့ Essay ကို အဆုံးသတ်ရမှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


(၂) မေးခွန်းကို သေချာဖတ်ပြီး လေ့လာပါ။
မေးခွန်းက ဘာမေးလဲဆိုတာ နားလည်ပါစေ၊ မေးခွန်းပါ စကားလုံးတွေကို သေချာကြည့်ပါ။ သင့်အတွေးတွေကို လျှင်မြန်စွာ စုစည်းပြီး အိုင်ဒီယာကို ချရေးပါ။

(၃) အိုင်ဒီယာတွေကို စုစည်းပါ။
သင့်အိုင်ဒီယာတွေကို မှတ်စုထုတ်ပြီး စုစည်းပါ။

(၄) ကျစ်လျစ်စွာနဲ့ လိုတိုရှင်းရေးပါ။
သင့် Essay ကို cohesive ဖြစ်အောင် ကျစ်လျစ်စွာ စုစည်းပါ။ လိုတိုရှင်းရေးပါ။

(၅) **Essay ရေးရန် အချိန်ကို ဂရုစိုက်ပါ။**
သင့် Essay ရေးရန် (၃၀)မိနစ်သာ ရသည်။ သင့်အချိန်ကို အကျိုးရှိအောင် အသုံးပြုပြီးအချိန်လုံလောက်မှုရှိရှိနဲ့ ရေးနိုင်အောင် ကြိုးစားပါ။

(၆) ဝါကျဖွဲ့စည်းမှုနှင့် ဝေါဟာရများ မှန်ကန်ပါစေ။
ဝါကျဖွဲ့စည်းမှုနှင့် ဝေါဟာရများ မှန်ကန်စွာ အသုံးပြုပါ။

(၇) သင့် **Grammar** ကို စစ်ဆေးပါ။
သင့် Essay ရေးပြီးနောက် Grammar အမှားများ မပါအောင် စစ်ဆေးပါ။

## COHESION

Cohesion ရဲ့ သဘောမှာ သင့်ရေးသားမှုကို မည်သို့ ကောင်းစွာ ရေးသားနိုင်သလဲဆိုတာပင်ဖြစ်သည်။ ထို့ကြောင့် သင့်စာပိုဒ်များ cohesive ဖြစ်ရန်လိုသည်။ Cohesive ဖြစ်ရန် အောက်ပါ Techniques (နည်းလမ်းများ)ကို လေ့ကျင့်ထားရန် လိုသည်။

(၁) အကျိုးအကြောင်းသင့်သော အိုင်ဒီယာများ စုစည်းခြင်း

mgyoe.com

mgyoe.com

(၂) အကူးအပြောင်း ဖော်ပြချက်စကားလုံးများဖြင့် အိုင်ဒီယာများ ချိတ်ဆက်ခြင်း။

(၃) တွေ့မြင်နေကျမဟုတ်သော အခေါ်အဝေါ်များကို အဓိပ္ပာယ်ဖွင့်ခြင်း

(၄) အပြိုင်ဖွဲ့စည်းမှု ဝါကျများအသုံးပြုခြင်း၊

(၅) အဓိကစကားလုံးများကို အခြားစကားလုံးများဖြင့် ဖော်ပြ အစားထိုးခြင်း၊

(၆) အချိန်ကာလ၊ လူပုဂ္ဂိုလ်၊ နံပါတ် (အရေအတွက်) အသုံးပြုမှုများကို ကိုက်ညီမှုရှိခြင်း၊

**အကူးအပြောင်းဖော်ပြချက်များဖြင့် အိုင်ဒီယာများကို ချိတ်ဆက်ခြင်း**

e.g Traffic has very become very troublesome in the down town areas of many cities. **Consequently** the authorities are arranging systematic town planning.

ယာဉ်ကြောတွေဟာ မြို့ကြီးများစွာရဲ့ မြို့လယ်ကောင်တွေမှာ အလွန်ပဲ အခက်အခဲဖြစ်လာပါတယ်။ သည့်အတွက်ကြောင့် အာဏာပိုင်တွေဟာ စနစ်ကျတဲ့ မြို့စီမံချက်ချခြင်းကို စီစဉ်နေကြပါတယ်။ အထက်ပါ ဝါကျမှာ consequently ဟာ transitional expression အဖြစ် အိုင်ဒီယာတွေကို ချိတ်ဆက်ပေးပါတယ်။

**စကားလုံးများနှင့် စကားစုများ အဓိပ္ပာယ်သတ်မှတ်ခြင်း**

**Human migration** ဆိုတဲ့ စကားလုံးကို Essay မှာ အသုံးပြုမယ်ဆိုရင် ၎င်းရဲ့အဓိပ္ပာယ်ကို ဖော်ပြသင့်ပါတယ်။

**Human migration** is the movement of people who are relocation in order to find a more satisfactory living environment.

Human migration ဆိုတာ ပိုမိုကျေနပ်ဖွယ်ရာကောင်းတဲ့ နေထိုင်မှုပတ်ဝန်းကျင်တစ်ခုကို ရှာဖွေရန်အလို့ငှာ လူများကို နေရာပြန်ချခြင်း ရွေ့လျားမှု ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

Parallel Structures များ အသုံးပြုလျက် အိုင်ဒီယာများ ချိတ်ဆက်ခြင်း

e.g Shoppers need to compare the **ingredients and weight of the food** they are buying.
ဈေးဝယ်သူတွေဟာ သူတို့ဝယ်ထားတဲ့ အစားအစာအလေးချိန်နဲ့ ပါဝင်ပစ္စည်းတွေကို နှိုင်းယှဉ်ဖို့ လိုအပ်တယ်။

## CONCISE

Concise ရဲ့အဓိပ္ပာယ်က အရေးမကြီးတဲ့ အပိုစကားလုံးတွေ (extra words) တွေပါရှိတဲ့ သင့်ရဲ့မရှိမဖြစ်လိုအပ်တဲ့ အိုင်ဒီယာတွေကို ဖော်ပြတဲ့နည်းနဲ့ ရေးသားခြင်းပဲဖြစ်ပါတယ်။

## Avoiding "empty" words and phrase

Empty words နဲ့ phrases တွေကို အရေးကြီးတဲ့ သက်ဆိုင်တဲ့ အချက်အလက်မှာ မထည့်သွင်းသင့်ပါ။ အဲဒီ words နဲ့ phrases တွေကို ဖယ်ရှားပြီး ရေးသားရမှာဖြစ်ပါတယ်။ အောက်ပါ example ကိုကြည့်ပါ။

## INCONCISE

**When all things are considered,** young adults of today live more satisfying lives than those of their parents, **in my opinion.**

လိုင်းတားထားတဲ့ စကားလုံးနဲ့ phrase တွေဟာ empty words နဲ့ phrases တွေဖြစ်ပါတယ်။ အဲဒါတွေ ဖယ်ပြီးရေးသားရင် လိုတိုရှင်း concise ဝါကျဖြစ်သွားပါတယ်။

## CONCISE

Young adults of today live more satisfying lives than those of their parents.

ကနေ့ခေတ် လူလတ်ပိုင်းတွေဟာ သူတို့မိဘတွေထက် ပိုမိုနှစ်သက်ကျေနပ်ဖွယ်ရာ ဘဝတွေနဲ့ ရှင်သန်နေထိုင်ကြတယ်။

mgyoe.com

Avoiding repetition
(ထပ်ခါထပ်ခါ ရေးသားခြင်းမှ ရှောင်ရှားခြင်း)

ထပ်ခါထပ်ခါ ဖော်ပြတဲ့ စကားလုံးတွေနဲ့ phrases(စကားစု)တွေကို ရှောင်ရှားဖို့ကြိုးစားသင့်ပါတယ်။

**Inconcise:**

The farm my grandfather grew up on was large in size.

**Concise:**

The farm my grandfather grew up on was large.

**More concise:**

My grandfather grew up on large farm.
ကျွန်တော့်အဘိုးဟာ ကြီးမားတဲ့ ဥယျာဉ်ခြံထဲမှာ ကြီးပြင်းခဲ့တယ်။
တစ်ခါတစ်ရံမှာ phrase တစ်ခုကို အဓိပ္ပာယ်တူတဲ့ စကားလုံးတစ်လုံးနဲ့ အစားထိုးနိုင်တယ်။

**Inconcise:**

My grandfather had said **over and over again that** he had to work on his parents' farm.

**Concise:**

My grandfather has said **repeatedly** that he had to work on his parents' farm.

ကျွန်တော့်အဘိုးဟာ သူ့မိဘတွေရဲ့ ဥယျာဉ်ခြံမှာ အလုပ်လုပ်ခဲ့ရတယ်လို့ ထပ်ခါထပ်ခါပြောခဲ့တယ်။

mgyoe.com

mgyoe.com

**အကောင်းဆုံး သဒ္ဒါဖွဲ့စည်းမှုများ ရွေးချယ်ခြင်း**

အကောင်းဆုံး သဒ္ဒါဖွဲ့စည်းမှုများ ရွေးချယ်ခြင်းဖြင့် သင့်ရဲ့ဝါကျတွေဟာ ပိုမိုအားကောင်းပြီး ပိုမိုရှင်းရှင်းလင်းလင်း ဖြစ်ပါတယ်။

(၁) ဝါကျတစ်ကြောင်းမှာ အရေးပါဆုံးဖြစ်တဲ့ subject နဲ့ verb ကို အသုံးချပါ။ subject ရဲ့အနေအထားက အရေးကြီးပါတယ်။ အောက်ပါ ဥပမာ ကြည့်ပါ။

**Inconcise:**

The situation that resulted in my grandfather's not being able to study engineering was that his father need help on the farm.

**Concise:**

My grandfather couldn't study engineering because his father needed help on the firm.

ပထမဝါကျမှာ subject က the situation ဖြစ်ပြီး verb က was ဖြစ်ပါတယ်။

ဒုတိယဝါကျမှာ အရေးအကြီးဆုံး အိုင်ဒီယာကို အာရုံစိုက်တဲ့အတွက် ပိုမိုပြီး concise ဖြစ်တာ တွေ့ရပါတယ်။

■

mgyoe.com

mgyoe.com

[ 7 ]

## Independent Speaking

Independent Speaking အတွက် တုံ့ပြန်ဖြေဆိုရာတွင် အောက်ပါတို့ကို သတိပြုရမည်ဖြစ်သည်။

(၁) နိဒါန်း (Introduction)သည် topic၏ ယေဘုယျဝါကျ ဖြစ်ရမည်။ များသောအားဖြင့် sentence တစ်ကြောင်းဖြင့် ပြောဆိုရမည်။

(၂) သင့်ထင်မြင်ချက် (opinion) ဖော်ပြချက်ကို ဝါကျတစ်ကြောင်းဖြင့် ဖော်ပြပြောဆိုရမည်။

(၃) သင်၏အကြောင်းပြချက် (Reason)ကို ဝါကျနှစ်ကြောင်း၊ အကြောင်းပြချက်ကို အထောက်အကူပြုရန် ဥပမာများ (examples) နှင့် အသေးစိတ်အချက်များ (details)ကို ဝါကျနှစ်ကြောင်းဖြင့် ပြောဆိုရမည်။

စက္ကန့် ၆၀ (ဖြေဆိုချိန်)အတွင်း ဝါကျ (၈)ကြောင်းခန့် သင် တုံ့ပြန်ဖြေဆိုရမည်။ ယင်းသည် Independent Speaking (လွတ်လွတ်လပ်လပ်ပြောဆိုခြင်း)ဖြစ်သည်။

ဝါကျတစ်ကြောင်း၏ အတိုင်းအတာသည် အောက်ပါကဲ့သို့ ဖြစ်သင့်သည်။

ဥပမာ–

I often take my guitar to parties and play music for my

mgyoe.com